**နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ**

(က) ၂-၂-၂၀၁၈ ရက်နေ့၊ အူဆန်မြို့၊ KOSHA ရုံးချုပ်၌ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း နှင့် ကိုရီးယား လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး အေဂျင်စီ ဒုတိယဥက္ကဋ္ဌ Mr. Ho Sung Lee တို့က (၃) နှစ် သက်တမ်းရှိ နားလည်မှု စာချွန်လွှာ (MoU) ကို သက်တမ်းတိုးမြှင့် လက်မှတ်ရေးထိုးခြင်း၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်တွင် ဂျပန်နိုင်ငံအစိုးရ၏ Grant Assistance for Grassroots Human Security Projects (GGP) အကူအညီဖြင့် အမျိုးသားအဆင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး သင်တန်းကျောင်း တည်ဆောက်လျက်ရှိခြင်း၊

(ဂ) ၂၈-၄-၂၀၁၈ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ Hotel Yangon ၌ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့က ချီးမြှင့်သော ASEAN-OSHNET Excellence Award ဆုရရှိသည့် UPG အိမ်သုတ်ဆေး စက်ရုံနှင့် Best Practice Award ဆုရရှိသည့် Unilever စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းစက်ရုံ၊ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်စက်ရုံတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း၊

(ဃ) ၂၈-၄-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့၌ ဒုတိယအကြိမ် မြန်မာ့ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အခမ်း အနား ကျင်းပခြင်း၊

(င) ၂၈-၄-၂၀၁၈ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ Chatrium Hotelတွင် ဦးစီးဌာနနှင့် ဒိန်းမတ်နိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထား သည့် အထည်ချုပ်လုပ်ငန်းများအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး လမ်းညွှန်စာစောင် အသိပေးရှင်းလင်းပွဲ အခမ်းအနား ကျင်းပ ခြင်း၊

(စ) ၃-၉-၂၀၁၇ ရက်နေ့မှ ၆-၉-၂၀၁၇ ရက်နေ့ထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာ ရေး ကွန်ဂရက် အခမ်းအနားတွင် ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံး တာဝန် လွှဲပြောင်းလက်ခံပြီး ၄-၉-၂၀၁၇ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံ၊ အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ASEAN-OSHNET အတွင်း ရေးမှူး ချုပ်ရုံး တာဝန် စတင်ထမ်းဆောင်ခြင်း။

(ဆ) နိုင်ငံခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ILO နှင့်ပူးပေါင်း ၍ ဆောင်ရွက်လျက်ရှိပါသည်။